## ရည်ရွယ်ချက်

မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေး သဘောတူစာချုပ် (Avoidance of Double Taxation Agreement- ADTA) အကျိုးသက်ရောက်နေသည့်နိုင်ငံများမှ ဝင်ငွေရရှိသူအခွန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ ADTA စာချုပ်ပါ အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များရရှိရန် မြန်မာနိုင်ငံ၏ ဌာနေအခွန်ထမ်းဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Residence-COR) လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## COR လျှောက်ထားခွင့်ရှိသူများ

မြန်မာနိုင်ငံ၏ ဌာနေအခွန်ထမ်းဖြစ်ကြောင်း သက်သေခံလက်မှတ် (COR) လျှောက်ထားခွင့်ရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- တစ်ဦးချင်းပုဂ္ဂိုလ်၊
- ပုဂ္ဂိုလ်စု။

## COR လျှောက်ထားနိုင်သည့်အခြေအနေများ

သက်ဆိုင်ရာအခွန်ထမ်းများအနေဖြင့် အောက်ဖော်ပြပါ အခြေအနေများနှင့် ကိုက်ညီမှုရှိပါက ဌာနေအခွန်ထမ်းဖြစ်ကြောင်း သက်သေခံလက်မှတ် (COR) ကို လျှောက်ထားနိုင်မည်ဖြစ်ပါသည် -

- မြန်မာနိုင်ငံတွင် ဝင်ငွေခွန်ဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်တွင်းနေပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုပြီးသူဖြစ်ခြင်း၊
- မြန်မာနိုင်ငံတွင် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/ GIR)ရရှိပြီးသူဖြစ်ခြင်း၊
- လက်ရှိအခွန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ အခွန်ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်၍ အခွန်ပေးဆောင်ပြီးသူ (အခွန်ကြွေးကျန်မရှိသူ) ဖြစ်ခြင်း၊ အခွန်ထမ်းအသစ်ဖြစ်ပါက သက်ဆိုင်ရာ အခွန်ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားသူဖြစ်ခြင်း၊
- အခွန်ဆိုင်ရာအကျိုးခံစားခွင့် တင်ပြလျှောက်ထားရယူမည့် ပြည်ပနိုင်ငံသည် မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ် အကျိုးသက်ရောက်နေသည့် နိုင်ငံဖြစ်ခြင်း၊
- သက်ဆိုင်ရာဝင်ငွေနှစ်၌ စတင်နေထိုင်ချိန် (၁၈၃)ရက် မပြည့်သေးမီ ကြိုတင်လျှောက်ထားခြင်းဖြစ်ပါက COR ရယူလိုသည့် ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံ၌ နေထိုင်ခဲ့သည့် ကာလအပိုင်းအခြားနှင့် ရက်အရေအတွက်၊ မြန်မာနိုင်ငံသို့ ရောက်ရှိသည့် ရက်စွဲနှင့် ပြန်လည်ထွက်ခွာမည့်ရက်စွဲ (ပြည်တွင်းနေပုဂ္ဂိုလ်အဖြစ် စတင်သည့် သို့မဟုတ် ရပ်စဲသည့်ရက်စွဲ)၊ ပြည်တွင်းနေပုဂ္ဂိုလ်အဖြစ် ယုံကြည်လက်ခံစေနိုင်မည့် အကြောင်းပြချက်နှင့် အထောက်အထား၊ သက်ဆိုင်ရာအခွန်ရုံးမှ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/ GIR) လျှောက်ထားပြီးရရှိသည့် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/ GIR) တင်ပြနိုင်ခြင်း၊
- ပုဂ္ဂိုလ်စုများအနေဖြင့် လုပ်ငန်းစတင်တည်ထောင်ပြီး ဝင်ငွေကြေညာလွှာမတင်သွင်းမီ COR လျှောက်ထားခြင်းဖြစ်ပါက ဖွဲ့စည်းတည်ထောင်သည့် အထောက်အထားများနှင့် မြန်မာနိုင်ငံတွင် ပြည်တွင်းနေ(ဌာနေ) ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ကြောင်း ခိုင်လုံသည့် သက်သေအထောက်အထား တင်ပြနိုင်ခြင်း။

## COR လျှောက်ထားခြင်း

သက်ဆိုင်ရာအခွန်ထမ်းများအနေဖြင့် COR လျှောက်ထားရာတွင် လိုအပ်သည့် လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird.gov.mm ၏ Home page>> Media>> Form for SAS Tax Offices >> အခွန်ထမ်းမှတ်ပုံတင်ပုံစံတွင် ပုဂ္ဂိုလ်စုအတွက် လျှောက်လွှာပုံစံ TRCA-COR-1 ဖြင့်လည်းကောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်အတွက် လျှောက်လွှာပုံစံ TRCA-COR-2 ဖြင့်လည်းကောင်း မြန်မာ၊ အင်္ဂလိပ် ပုံစံ(၂) မျိုးအနက် အခွန်ထမ်းနှစ်သက်ရာပုံစံဖြင့် download ရယူပြီး သက်ဆိုင်ရာအခွန်ရုံး (အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများ၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ) သို့ လိပ်မူ၍ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ အခွန်စည်းကြပ်သည့်ရုံး၏ အီးမေးလ်လိပ်စာသို့ဖြစ်စေ ပေးပို့လျှောက်ထားရမည် ဖြစ်ပါသည်။

## လျှောက်လွှာတွင် လက်မှတ်ရေးထိုးရမည့်သူ

လျှောက်လွှာပုံစံတွင် အောက်ပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး လျှောက်ထားရမည်ဖြစ်ပါသည်-

- **တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက** လျှောက်ထားသူ (သို့) လျှောက်ထားသူ၏ ကိုယ်စားလှယ်၊
- **ကုမ္ပဏီဖြစ်ပါက** ကိုယ်စားလှယ်၊ အတွင်းရေးမှူး (သို့) အထွေထွေမန်နေဂျာ (သို့) မန်နေဂျာ၊
- **ပုဂ္ဂိုလ်စုဖြစ်ပါက** တာဝန်ခံအရာရှိ။

## လျှောက်လွှာပုံစံတွင် ဖြည့်သွင်းရမည့်အချက်အလက်များ

လျှောက်လွှာပုံစံတွင် အောက်ပါအချက်အလက်များအား ပြည့်စုံစွာ ဖြည့်သွင်း၍ တင်ပြရမည် ဖြစ်ပါသည်-

- လျှောက်ထားရသည့်အကြောင်းအရင်း၊
- ရည်ညွှန်းလိုသည့် အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေးသဘောတူစာချုပ် အခန်းနှင့် ပုဒ်မ၊
- လျှောက်ထားရယူလိုသည့် ဝင်ငွေအမျိုးအစားနှင့် ပမာဏ၊
- လျှောက်ထားလိုသည့် ကာလအပိုင်းအခြားနှင့် ရက်စွဲ၊
- နှစ်နိုင်ငံ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်ကို ရည်ညွှန်းကိုးကားပါက အောက်ပါအချက်များနှင့် စပ်လျဉ်းသည့် အထောက်အထားများတင်ပြရန်-
  - ဝင်ငွေအပေါ် အမှန်တကယ် အကျိုးခံစားခွင့် ပိုင်ဆိုင်သူဖြစ်ခြင်း၊
  - မြန်မာနိုင်ငံ၏ ဝင်ငွေခွန်ဥပဒေနှင့်ကိုက်ညီသည့် ဝင်ငွေများအပေါ်တောင်းခံခြင်း။



## လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်အထောက်အထားများ

လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည် -

❖ **တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက-**

- ➢ နိုင်ငံကူးလက်မှတ်မိတ္တူ၊
- ➢ မြန်မာနိုင်ငံတွင် ခြောက်လအထက်နေထိုင်ခွင့်ဗီဇာ မိတ္တူ (သို့) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်မိတ္တူ၊
- ➢ ဝန်ထမ်းခန့်အပ်ခြင်းသဘောတူစာချုပ် သို့မဟုတ် ဝန်ထမ်းခန့်အပ်မှုမိတ္တူမှန်၊
- ➢ နောက်ဆုံးထုတ်လစာစာရင်း၊
- ➢ မြန်မာနိုင်ငံရှိ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/ GIR)၊
- ➢ လက်ရှိအခွန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ အခွန်ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်၍ အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား၊ အခွန်ထမ်းအသစ်ဖြစ်ပါက သက်ဆိုင်ရာ အခွန်ဥပဒေများကို လိုက်နာဆောင်ရွက်ထားကြောင်း အထောက်အထား။

❖ **ပုဂ္ဂိုလ်စုဖြစ်ပါက-**

- ➢ မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတည်ထောင်သည့် အထောက်အထားများ (ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် DICA မှ ရရှိသော Extract Form ၊ အစုစပ်လုပ်ငန်းဖြစ်လျှင် အစုဝင်များ အချင်းချင်းပြုလုပ်သည့် ပဋိညာဉ်(Partnership Agreement) နှင့် အစုဝင်များ၏ အချက်အလက်များ (Particulars of each partner)၊ ဖက်စပ်လုပ်ငန်းဖြစ်လျှင် နားလည်မှုစာချွန်လွှာ (Memorandum of Understanding or Letter of Intent) နှင့် ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် (JV Agreement) စသည်)၊
- ➢ လျှောက်ထားသူ၏ နိုင်ငံကူးလက်မှတ်မိတ္တူ သို့မဟုတ် မှတ်ပုံတင်မိတ္တူ၊
- ➢ လျှောက်ထားသူ၏ မြန်မာနိုင်ငံတွင် ခြောက်လအထက် နေထိုင်ခွင့်ဗီဇာမိတ္တူ (ရှိလျှင်)၊
- ➢ နောက်ဆုံးတင်ပြခဲ့သည့် နှစ်ချုပ်စာရင်းစစ်အစီရင်ခံစာမိတ္တူမှန်၊
- ➢ ရုံး၊ လုပ်ငန်းနေရာအား ငှားရမ်းခြင်း/ပိုင်ဆိုင်ခြင်းစာချုပ် မိတ္တူမှန်၊
- ➢ မြန်မာနိုင်ငံရှိ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN/ GIR)၊
- ➢ လက်ရှိအခွန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအခွန်ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်၍ အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား၊ အခွန်ထမ်းအသစ်ဖြစ်ပါက သက်ဆိုင်ရာအခွန်ဥပဒေများကို လိုက်နာဆောင်ရွက်ထားကြောင်း အထောက်အထား။




အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ အမှတ်၊ ၁၂၈/ ၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈-၃၈၉၃၁၁ ၊ ၀၁-၈-၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၂-၄-၀၃၀၁၉၂၊ ၀၂-၄-၀၃၀၆၃၈၊ ၀၂-၄-၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း ၀၆၇-၃-၄၃၀၅၂၂၊ ၀၆၇-၃-၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ဌာနေအခွန်ထမ်းဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားတောင်းခံခြင်းဆိုင်ရာ သိကောင်းစရာများ

## Certificate of Residence (COR)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm

**“ Tax by the Law, Service by our Heart ”**